dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဂက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What is the importance of Free and Fair Elections"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ရွေးကောက်ပွဲဟာ ဘယ်လောက်လွတ်လပ်ပြီး မျှတမှုရှိမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၅ ရွေးကောက်ပွဲ ကျင်းပဖို့ ရက်ပေါင်း ၄၀ ကျော်ပဲ လိုပါတော့တယ်။ လာမယ့်နိုဝင်ဘာလ ၈ ရက်နေ့ မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်လုပ်ဆောင်သွားမယ်လို့ သမ္မတကြီး ဦးသိန်းစိန် နဲ့ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ တို့က ကတိပြု ပြောကြားထားပါတယ်။

အဲဒီလိုကော်မရှင်ရဲ့ ပြောကြားမှုနဲ့အတူ လာမယ့်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာဖို့ အတွက် ရွေးကောက်ပွဲကျင်းပမယ့်ရက် ကြေညာတဲ့ နောက်ပိုင်းကစပြီး ရွေးကောက်ပွဲပြီး တဲ့အထိ ရက်ရှည်လေ့လာရေးနှင့် ရွေးကောက်ပွဲ ရက်ပိုင်းအတွင်း ရက်တို လေ့လာရေးဆိုပြီး နှစ်မျိုးနှစ်စား စီစဉ်ထားတယ်လို့လည်း ဆိုပါတယ်။ လက်ရှိမှာ အဖွဲ့ဝင် ၁၀၀ ကျော်ပါဝင်မယ့် ဥရောပသမဂ္ဂ အီးယူနဲ့ နိုင်ငံပေါင်း ၃၈ နိုင်ငံက ရွေးကောက်ပွဲပေါင်း ၁၀၀ လောက်ကို စောင့်ကြည့် လေ့လာခဲ့ဖူးတဲ့ ကာတာ စင်တာတို့ကို ရွေးကောက်ပွဲ ရက်ရှည်လေ့လာစောင့်ကြည့်ဖို့ ခွင့်ပြုထားပါတယ်။ ဒီအခြေအနေဟာ ၁၉၆၂ ခုနှစ်နောက်ပိုင်း ပြုလုပ်တဲ့ရွေးကောက်ပွဲတွေမှာ နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့် အဖွဲ့တွေကို ပထမဆုံး ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ထို့အပြင် သတင်းမီဒီယာတစ်ခုကို ၃ ယောက်နှုန်းနဲ့ ရွေးကောက်ပွဲမှာ မဲရုံတွေကို ဝင်ရောက် သတင်းရယူနိုင်ဖို့ ခွင့်ပြုထားပါသေးတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကတော့ မဲစာရင်းအမှားတွေကြောင့် တရားမျှတတဲ့ ရွေးကောက်ပွဲ မဖြစ်နိုင်ဘူးလို့ပြောဆိုလိုက်ပါတယ်။ ကော်မရှင်က နောက်ဆုံးထုတ်ပြန်ထား တဲ့စာရင်းအရ မဲပေးနိုင်တဲ့ မဲဆန္ဒရှင်ပေါင်း ၃၂ သန်းရှိပါတယ်။ သို့သော်လည်းမဲစာရင်းကိုတော့ ၃၀ ရာခိုင်နှုန်းပဲ အာမခံနိုင်မယ်လို့လည်း ဆိုထားပါတယ်။

ရွေးကောက်ပွဲကော်မရှင်ရဲ့ စက်တင်ဘာ ၁၁ ရက်နေ့ကနောက်ဆုံးထုတ်ပြန်ထားတဲ့စာရင်းအရ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မဲဆန္ဒနယ်ပေါင်း ၁၁၇၁ နေရာမှာ အရင် မှတ်ပုံတင်ထားတဲ့ ကိုယ်စားလှယ်လောင်းအရေ အတွက် ၆၁၈၉ ယောက်အနက် ၁၂၄ ယောက်ကို စီစစ်ပယ်ချခဲ့ ပါတယ်။ အဲဒီထဲက ၁၁ ယောက်ကို ပြန်လည်စီစစ် အတည်ပြုလိုက်တဲ့အတွက် ကိုယ်စားလှယ် စုစုပေါင်း ၆၀၇၆ ယောက်ဟာ လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးမှာ ဝင်ရောက် ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

နိုင်ငံတကာမှာတော့ တရားမျှတတဲ့ရွေးကောက်ပွဲ ဖြစ်မဖြစ်ကို လက်ခံယုံကြည်ရမှု၊ တရားဝင်မှု၊ အားလုံးပါဝင်နိုင်မှု စတဲ့အချက်သုံးချက်နဲ့ တိုင်းတာကြတယ်လို့ သိရပါတယ်။

လက်ရှိမှာ မဲစာရင်းပြဿနာတွေ၊ မဲဆန္ဒနယ်မြေတွေကို စည်းရုံးရေးသွားရောက်ခွင့်တွေ၊ ကိုယ်စားလှယ်လောင်း စီစစ်မှုတွေ စတာတွေနဲ့ ဝေဖန်မှုတွေ ရှိနေတဲ့ ၂၀၁၅ ရွေးကောက်ပွဲ ဟာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေး ကောက်ပွဲ ဖြစ်ပေါ်လာစေဖို့ ဘယ်အချက်တွေက အရေး ကြီးသလဲ ဆိုတာတွေကို အခုတပတ်ရဲ့ ဒီဘီဗွီ ဒီဘိတ်မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ပြည်ခိုင်ဖြိုးပါတီက တိုင်းဒေသကြီး ၁ မှာ ဝင်ပြိုင်မယ့် ဦးတင်ဝင်းကတော့ မဲဆွယ်ကာလ မတိုင်မီကတည်းက ကိုကိုးကျွန်းကို ရောက်နေတယ်လို့ ကျနော်တို့ ကြားပါတယ်။ ၂၂ ရက် ၉ လ အင်္ဂါနေ့က ကြံ့ခိုင်ရေးက ယှဉ်ပြိုင်မယ့် ရေတပ်ကာကွယ်ရေးဦးစီးချုပ် အငြိမ်းစား သူရ ဦးသက်ဆွေ လေယာဉ်နဲ့ ပါသွားတာ သိရပါတယ်။ ဒီနေ့ဆို ကိုကိုးကျွန်းမှာ ဦးသက်ဆွေရယ်၊ ဦးတင်ဝင်းရယ်၊ ဒေသခံ ကိုအောင်နိုင်ရယ် ၃ ဦးဟာ မဲဆွယ် စည်း ရုံးရေး လုပ်ငန်းတွေကို ဆောင်ရွက်နေပါပြီ။ ကျနော်တို့ အန်အယ်လ်ဒီ ကိုယ်စားလှယ်များကတော့ ဒီနေ့ထိ မသွားရ သေးပါဘူး။" **ဦးဝင်းမင်း** - ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ( NLD)

"နည်းပညာ နည်းပညာလို့ ခဏခဏပြောပြန်ရင်လည်း တမျိုးထင်မှာစိုးရတယ်၊ အခု ဒီမှာ ဒုတိယပိုင်း ကြေညာတဲ့ အချိန်မှာ တော်တော်လေး အခက် အခဲရှိတာက တချို့ထည့်ပြီးသား စာရင်းတွေတောင် ပြန်ပျောက်သွားတာရှိတယ်၊ မွေးသက္ကရာဇ်တွေ မှားတယ်၊ အဲ့ဒါက ကိုယ်တို့ စက်ထဲမှာရှိတဲ့ စာရင်း တွေက အမှန်ချည်းပဲ၊ ကိုယ်တို့ Print ထုတ်လိုက်တဲ့အချိန်မှာ ဖြစ်တာ များတယ်၊ အဓိက ဒီဆော့ဖ်ဝဲက သူတို့ဆီမှာလုပ်နေတဲ့ ဆော့ဖ်ဝဲတွေက ပြောရ ရင် Update တွေများတယ်၊ ကိုယ်တို့ဆီမှာသုံးတဲ့ ကွန်ပြူတာတွေရဲ့ System တွေနဲ့ သွားပြီးတော့တချို့ဟာ တွေ ကျတော့ အဲ့လိုချို့ယွင်း ချက်တွေ ဖြစ်လာတာပေ့ါ၊ ကျနော်တို့လည်း အဲ့စာရင်းတွေကို ကောက်တော့ကောက်နေတယ်၊ ဘယ်နှစ်ယောက် မှားသွားလဲ၊ ဘယ်နှစ်ယောက် ပြန်ကျန်ခဲ့ လဲ၊ တချို့တွေက ပြီးခဲ့တဲ့အခေါက် မဲစာရင်းတုန်းက ပါလာတယ်၊ အခုမပါဘူး၊ နာမည်လည်းမ ပါဘူး၊ အဲ့လိုမျိုးတွေလည်းရှိတယ်" **ဦးလှိုင်ဘွား** - မြိတ်ခရိုင်ရွေးကောက်ပွဲအရာရှိ

***Information links:***

**www.thevoicemyanmar.com**

www. news-eleven.com

**www.dvbdebate.net**